# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

November 17 , 2025 Volume 96 , Number 9


၁၇-၁၁-၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၃၆.၉၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၁၃.၅၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၆၄.၄၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၇၀.၉၉ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၅.၅၄ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၆၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၃.၈၁ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၀၅.၉၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၇၆ ကျပ် |

Source: CBM Rate, etrademyanmar.com


### CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## စားတော်ပဲ အကောက်ခွန်လွတ်တင်သွင်းခွင့် အိန္ဒိယရပ်ဆိုင်းခြင်းကြောင့် မြန်မာမှ အခွန်ကင်းလွတ်ခွင့်ကို ဆက်လက်ရရှိရန် မသေချာသည့် အခြေအနေတွင်ရှိနေဟုဆို



အိန္ဒိယနိုင်ငံမှစားတော်ပဲ အကောက်ခွန်လွတ်တင်သွင်းခွင့် ရပ်ဆိုင်းထားခြင်းကြောင့် မြန်မာနိုင်ငံအနေနဲ့ အခွန်ကင်းလွတ်ခွင့်ကို ဆက်လက်ရရှိရန် မသေချာတဲ့အခြေအနေမှာ ရှိနေတယ်လို့ မြန်မာနိုင်ငံ ပဲမျိုးစုံ၊ပြောင်းနှင့်နှမ်းကုန်သည်များအသင်းထံက သိရပါတယ်။

အိန္ဒိယနိုင်ငံအနေဖြင့်ကမ္ဘာ့ဈေးကွက်တွင်ပဲမျိုးစုံဈေးနှုန်းများ သိသိသာသာကျဆင်းရခြင်း၏ အဓိကအကြောင်းအရင်းအဖြစ် သတ်မှတ်ခံထားရသည့် စားတော်ပဲကို အကောက်ခွန်ကင်းလွတ်ခွင့်ဖြင့်တင်သွင်းမှု ရပ်ဆိုင်းလိုက်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရဲ့ သတင်းများအရ သိရပါတယ်။

အိန္ဒိယနိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာန၏အောက်တိုဘာလကုန်ပိုင်းက ထုတ်ပြန်ခဲ့ သည့် အမိန့်ကြော်ငြာစာအရ ယခုနှစ် နိုဝင်ဘာလ ၁ ရက်နေ့မှစ၍ စားတော်ပဲတင်သွင်းမှုအပေါ် ၁၀ ရာခိုင်နှုန်း တင်သွင်းခွန်နှင့် ၂၀ ရာခိုင်နှုန်း စိုက်ပျိုးရေးအခြေခံအဆောက်အအုံဖွံ့ဖြိုးရေးအခွန် (AIDC) တို့ကို ကောက်ခံမှာဖြစ်တယ်လို့ သိရပါတယ်။

အိန္ဒိယအစိုးရ၏ အဆိုပါ လုပ်ဆောင်ချက်သည် ခါရစ်(မိုးရာသီ) သီးနှံများ ဈေးကွက်သို့ ဝင်ရောက်လာမှု အမြင့်ဆုံးအနေအထားသို့ ရောက်ရှိနေချိန်တွင် ပေါ်ပေါက်လာခြင်းဖြစ်ပြီး ပြည်ပမှ စားတော်ပဲတင်သွင်းမှုများကို အခွန်ကင်းလွတ်ခွင့် ပြုလုပ်ပြီး ၇ လ အတွင်း ယခုကဲ့သို့ အကောက်ခွန် ပြန်လည်ကောက်ခံရန် လုပ်ဆောင်ချက်ဖြစ်ကြောင်းနှင့် စားတော်ပဲတင်သွင်းခွန်ကို ပြန်လည်ကောက်ခံရန် ဆုံးဖြတ်ချက်သည် အိန္ဒိယစိုက်ပျိုးသူများအား ပိုမိုကောင်းမွန်သော ဈေးနှုန်းများရရှိစေရန် ကူညီပေးခြင်းဖြစ်ကြောင်းလည်း

သိရပါတယ်။

အဆိုပါ အခြေအနေတို့ကြောင့် မြန်မာနိုင်ငံ အနေဖြင့်ပါ စားတော်ပဲ တင်သွင်းရာမှာ အခွန်ကင်းလွတ်ခွင့်ကို ဆက်လက်ရရှိရန် မသေချာသည့် အခြေအနေတွင်ရှိနေကြောင်းလည်း မြန်မာနိုင်ငံပဲမျိုးစုံ၊ ပြောင်း နှင့် နှမ်းကုန်သည်များအသင်းထံမှ သိရပါတယ်။

"လတ်တလောတော့ စားတော်ပဲ အိန္ဒိယတင်သွင်းမှုနဲ့ပတ်သက်လို့ မြန်မာနိုင်ငံကို အိန္ဒိယက အခွန်ကောက်ဖို့ မသေချာသေးပါဘူး။ တကယ်လို့ အိန္ဒိယအစိုးရက စားတော်ပဲတင်သွင်းမှုကို အခွန် ၃၀ ရာခိုင်နှုန်းအထိ ပြန်လည်ကောက်ခံမယ်ဆိုရင် မြန်မာနိုင်ငံမှ စားတော်ပဲ တင်ပို့သူတွေအနေနဲ့ တင်ပို့မှုကျဆင်းသွားနိုင်ပါတယ်။ စားတော်ပဲက ပဲမျိုးစုံတင်ပို့မှုထဲမှာမှ အခြားပဲတင်ပို့မှုအမျိုးအစားထဲမှာ ပါပါတယ်။ စားတော်ပဲကို အနည်းငယ်သာ တင်ပို့မှုရှိပြီး ပြည်တွင်းစားသုံးမှုသာ များပါတယ်။ အိန္ဒိယနဲ့က မတ်ပဲ၊ ပဲစင်းငုံတို့ကို အထူးတင်သွင်းခွင့်ပြုထားတဲ့ အထဲမှာပါပါတယ် " လို့ အဆိုပါအသင်းရဲ့ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။

မြန်မာနိုင်ငံနဲ့ အိန္ဒိယနိုင်ငံတို့ဟာ ၅ နှစ်သဘောတူစာချုပ်အရ ၂၀၂၁-၂၂ ဘဏ္ဍာနှစ်မှ ၂၀၂၅-၂၆ ဘဏ္ဍာနှစ်အထိ မြန်မာနိုင်ငံမှ မတ်ပဲတန်ချိန် ၂ ဒသမ ၅ သိန်းနှင့် ပဲစင်းငုံတန်ချိန် ၁ သိန်း အထူးသွင်းခွင့်ပြုထားတာဖြစ်တယ်လို့လည်း သိရပါတယ်။

စားတော်ပဲကို စစ်ကိုင်းတိုင်းဒေသကြီးမှာ အများဆုံးစိုက်ပျိုးကြပြီး ရှမ်းပြည်နယ်နဲ့မကွေးတိုင်းဒေသကြီး အပါအဝင် တစ်နိုင်ငံလုံးမှာ ဧက ၁ သိန်းကျော် စိုက်ပျိုးကာ တန်ချိန် ၅,၅၀၀ ခန့် ထွက်ရှိတယ်လို့ သိရပါတယ်။

ပြည်တွင်းစိုက် ပဲမျိုးစုံကို ပို့ကုန်ဈေးကွက်နိုင်ငံတွေထံ တင်ပို့မှုမှ နှစ်စဉ် အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံ ဝန်းကျင်အထိ ရရှိနေပြီး စိုက်ပျိုးထွက်ကုန် တင်ပို့မှုများအနက် နိုင်ငံခြားဝင်ငွေ ၃၈ ရာခိုင်နှုန်းအထိ ရှာဖွေပေးလျက်ရှိပါတယ်။

**Source : Myanmar Future News Agency**

## အသစ်ဝင် မြေပဲဆန်များ ကြိတ်ခွဲအားကောင်းနေပြီး ပဲဖတ်ဈေးကောင်းနေ



အသစ်ဝင် မြေပဲဆန်များအား ဆီစက်များ ကြိတ်ခွဲအားကောင်းနေတာကြောင့် အရောင်းအဝယ်သွက်နေပြီး ပဲဖတ်ဈေးမှာလည်း ဈေးကောင်းရရှိနေကြောင်း ကုန်သည်များထံမှ သိရသည်။

နိုဝင်ဘာလဆန်းပိုင်းမှ စတင်ကာ ပို့ကုန်ပဲများနှင့် ပြည်တွင်းသုံးပဲများ ပုံမှန်သာ အရောင်းအဝယ်ရှိနေသော်လည်း မြေပဲလုံးဆန်နှင့် ဆီဆန်မှာ အရောင်းအဝယ်သွက်နေခြင်းဖြစ်သည်။

ပဲနှမ်းဈေးကွက်အတွင်း အရောင်းအဝယ် ပုံမှန်ရှိလာသော်လည်း ပို့ကုန်ပဲများမှာ အရောင်းအဝယ်အေးနေပြီး ပြည်တွင်းသုံး ကုလားပဲနှင့် ပဲမာလိုင်းမှာ ပုံမှန်သာအရောင်းအဝယ်ရှိနေကြောင်း၊ အသစ်ဝင် မြေပဲဆန်များမှာအဝင်များလာတာကြောင့် ဈေးအနည်းငယ်ကျဆင်းမှုရှိသော်လည်း ယခုပေါက်ဈေးထက် ဆက်လက်မကျဆင်းနိုင်ကြောင်း၊ မြေပဲလုံးဆန်ကို ပို့ကုန်အတွက် ဝယ်ယူမှုရှိနေပြီးမြေပဲဆီဆန်များမှာ ပဲဖတ်ဈေးကောင်းနေတာကြောင့် ဆီစက်ပိုင်များ ဝယ်ယူကြိတ်ခွဲလျက်ရှိကြောင်း ပဲကုန်သည်တစ်ဦးကပြောသည်။

"အသစ်ဝင် မြေပဲဆန်တွေကို ဆီစက်ပိုင်များ ဝယ်ယူကြိတ်ခွဲနေပါတယ်။ မြေပဲဈေးက အနည်းငယ်ကျသော်လည်း လက်ရှိပေါက်ဈေးထက် ဆက်လက်ကျဆင်းစရာမရှိပါဘူး။ ပဲဖတ်ဈေးကကောင်းနေတာ တစ်ပိဿာကို ငွေကျပ် ၆၆၀၀ ဈေးထိ ရောက်လာပါတယ်။ဈေးကွက်ထဲမှာ မြေပဲဆီရောစားအုန်းဆီရောပိုလျှံနေတော့ဆီဈေးကျဆင်းမှုရှိပေမဲ့ ပဲဖတ်ဈေးကောင်းနေလို့ ဆီစက်ပိုင်တွေ ဝယ်ယူကြိတ်ခွဲနေနိုင်တာပါ" ဟု ၎င်းကပြောသည်။

နိုဝင်ဘာ ၁၃ ရက်တွင် ပို့ကုန်ပဲများမှ ပဲစင်းငုံဈေးမြင့်တက်လာရာ ပဲစင်းငုံပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၄၅,၀၀၀၊ မတ်ပဲပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၄၅,၀၀၀၊ ပဲတီစိမ်း (အညာ)သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၄၅,၀၀၀ အထိ ပေါက်ဈေးရှိနေသည်။

ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ အမျိုးအစားလိုက် တစ်အိတ်လျှင် ငွေကျပ် ၅၀၀၀-၁၀,၀၀၀ခန့် ဈေးကျဆင်းလာရာ V2 ကုလားပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၃၈,၀၀၀၊ V7 သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၂၅,၀၀၀၊ ထိုင်ဝမ်ကုလားပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၂၅,၀၀၀၊ 929 ကုလားပဲသုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၃၈,၀၀၀ ပေါက်ဈေးရှိနေသည်။

ပြည်တွင်းသုံး ပဲမာလိုင်းများမှာ နိုဝင်ဘာ ၁၃ ရက်တွင် ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၄၆၀,၀၀၀၊ ကျွန်းစားတော်ပဲ တစ်အိတ်လျှင် ငွေကျပ် ၈၈၀,၀၀၀-၉၀၀,၀၀၀၊ ပဲနီပြာ(ကျွန်း)တစ်အိတ်လျှင် ငွေကျပ် ၅၃၀,၀၀၀၊ ပဲထောပတ် (သစ်) တစ်အိတ်လျှင် ငွေကျပ် ၃၀၀,၀၀၀၊ မြေထောက်ပဲ တစ်အိတ်လျှင် ငွေကျပ် ၃၀၀,၀၀၀၊ စားတော်ပဲ (ကနေဒါ)တစ်အိတ်လျှင် ငွေကျပ် ၃၄၀,၀၀၀ ပေါက်ဈေးရှိနေသည်။

နှမ်းမျိုးစုံဈေးကွက်မှာ နိုဝင်ဘာ ၁၃ ရက်တွင် နှမ်းနက် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၇၆၀,၀၀၀၊ နှမ်းဖြူ(ဂျပန်) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၉၀,၀၀၀၊ နှမ်းဖြူ(ဗမာ) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၇၀,၀၀၀၊ နှမ်း ညို သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၆၇,၀၀၀ ပေါက်ဈေးရှိနေပြီး မြေပဲအနီလုံးဆန် တစ်ပိဿာလျှင် ငွေကျပ် ၈၃၀၀-၈၄၀၀၊ မြေပဲဆီ တစ်ပိဿာလျှင် ငွေကျပ် ၁၄,၀၀၀၊ ပဲဖတ်တစ်ပိဿာလျှင် ငွေကျပ် ၆၆၀၀ အသီးသီးပေါက်ဈေးရှိနေကြောင်း သိရသည်။

**Source : မကွေးဂျာနယ်**

## အာလူး၊ ကြက်သွန်ဖြူတို့၏ ဈေးကွက်သုံးသပ်ချက်

### အာလူး




အာလူးကတော့ နိုဝင်ဘာ ၈ ရက်နေ့က ဈေးကျသွားခဲ့ပြီး ယခုတစ်ပတ်မှာတော့ အကြော်သီးဆိုက် အာလူးအကြီးတွေက ဈေးပြန်တက်လာတာတွေ့ရပါတယ်။ တရုတ်အာလူး ဝင်ရောက်မှုရှိပေမဲ့လည်း ဒေသထွက်အာလူးကို ဝယ်လိုအားရှိတာကြောင့် ဈေးပြန်တက်လာတာ ဖြစ်တယ်လို့ သိရပါတယ် ။

အာလူး အသေးဆိုက်တွေကတော့ ဈေးကျပါတယ်။

နိုဝင်ဘာ ၁၄ ရက်နေ့ ရှမ်းပြည်နယ် အောင်ပန်းကုန်စိမ်းဈေးကွက်မှာ ဖြစ်ပေါ်ခဲ့တဲ့ဈေးတွေက မားကစ် S2 / S3 က ၈၀၀၀ ကျပ်၊ မျက်နီ S2 / S1 က ၇၅၀၀ ကျပ်၊ မျက်နီ S1/ OK က ၇၀၀၀ ကျပ်၊မျက်နီ OK က ၆၅၀၀ ကျပ်ရှိလာပြီး တစ်ပိဿာကို ၂၀၀ မှ ၁၀၀၀ ကျပ်အထိ အသီးသီးတက်လာတာဖြစ်ပါတယ်။ ဒေသ A1 က ၃၅၀၀ ကျပ်၊ဒေသ A1ဆွဲ ၃၀၀၀ ကျပ်ရှိပြီး ဂေါ်လီဆိုက် ၂၀၀၀ ကျပ်ရှိပြီး တစ်ပိဿာကို ၅၀၀ ကျပ်စီ ကျသွားတယ်လို့သိရပါတယ်။

### ကြက်သွန်ဖြူ

အရင်တစ်ပတ်က ကျရိပ်ပြခဲ့တဲ့ ရှမ်းဒေသထွက် ကြက်သွန်ဖြူကတော့ ယခုတစ်ပတ်မှာ ဈေးပြန်တက် လာတာ တွေ့ရပါတယ်။ ကြူကုတ်ကြက်သွန်ကတော့ အရင်တစ်ပတ်ကဈေးအတိုင်း ငြိမ်နေပါတယ်။ လက်ရှိမှာ တရုတ်ကနေ ကြူကုတ်တွေ ဝင်ရောက်မှုရှိနေသလို ဒေသ ကြက်သွန်လှောင်ထားသူတွေကလည်း ထုတ်ရောင်းချမှု ရှိနေပါတယ်။

နိုဝင်ဘာ ၁၄ ရက်နေ့ အောင်ပန်းကုန်စည်ဈေးကွက်မှာ အောင်ပန်းထူး ၂ က ၃၅၀ ၀ ကျပ်၊အောင်ပန်းထူး ၃ က ၅၀၀၀ ကျပ်၊အောင်ပန်းထူး ၄က ၆၀၀၀ ကျပ်၊ အောင်ပန်းထူး ၅က ၇၀၀၀ ကျပ် ၊ အောင်ပန်းထူးလွန်က ၈၀၀၀ ကျပ်ဖြစ်ပါတယ်။ လက်လီဈေးကွက်မှာတော့ အမြင့်ဆုံး ၁၄,၀၀၀ ကျပ်အထိ ဈေးပေါက်နေပါတယ် ။

ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်မှာတော့ ကြူကုတ်တစ်ပိဿာကို ၁၅,၀၀၀ ကျပ်မှ ၁၅,၅၀၀ ကျပ်နဲ့ တစ်ပိဿာကို ၂၀၀၀ လောက် ဈေးတက်လာပြီး လက်လီဈေးကွက်မှာတော့ တစ်ပိဿာကို ၁၈,၀၀၀ ကျပ်လောက်အထိ ရှိနေတယ်လို့ သိရပါတယ် ။

**Source :** https://htwettoe.com/

## တရုတ်နိုင်ငံထုတ် လျှပ်စစ်သုံးမော်တော်ယာဉ်များ ထပ်မံရောက်ရှိ



အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့်ဆက်စပ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့်တင်သွင်းလာသော တရုတ်နိုင်ငံထုတ် လျှပ်စစ်သုံး မော်တော်ယာဉ်များ အခုနိုဝင်ဘာလအတွင်းမှာ ထပ်မံရောက်ရှိလာကြောင်း သက်ဆိုင်ရာရဲ့သတင်းထုတ်ပြန်ချက်တွေအရ သိရပါတယ်။

The Great Merger Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် AVATR 12A(ULTRA)အမျိုးအစားလျှပ်စစ်သုံးမော်တော်ယာဉ်များ၊UV Automotive Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် HONGQI EHS7 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် N.P.K Motors Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ်Leapmotor B10 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များဟာ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် နိုဝင်ဘာ ၁၂ ရက်တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း ဖော်ပြထားပါတယ်။

ဒါ့ပြင်ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိလာသည့် N.P.K Motors Co., Ltd. မှတင်သွင်းလာသောတရုတ်နိုင်ငံထုတ် Leapmotor C16 နှင့် MG S5 (ES5) အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Amazing Auto Co.,Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ်GAC Toyota BZ4X အမျိုးအစားလျှပ်စစ်သုံး မော်တော်ယာဉ်များ၊ Myanmar New Energy Motor (MNEM)Co., Ltd. မှတင်သွင်းလာသော တရုတ်နိုင်ငံထုတ် Dongfeng Venucia (VX6)အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Essential Motors Co.,Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် BYD ATTO 2 EV အမျိုးအစား လျှပ်စစ် သုံးမော်တော်ယာဉ်များ၊ Fara Myanmar EV Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် GAC Toyota BZ3X အမျိုးအစား လျှပ်စစ်သုံး မော်တော်ယာဉ်များ၊ Asia Pacific Automaker Corporation Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Dongfeng (Aeolus) အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များကိုလည်း နိုဝင်ဘာလ ၈ ရက်နေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရပါတယ်။

မြန်မာနိုင်ငံအတွင်းသို့ တရုတ်နိုင်ငံထုတ်လျှပ်စစ်သုံးမော်တော်ယာဉ်များတင်သွင်းလျက်ရှိသလို တရုတ်နိုင်ငံ ထုတ် လျှပ်စစ်သုံး မော်တော်ဆိုင်ကယ်များ၊ လျှပ်စစ်သုံးမော်တော်ယာဉ်အားသွင်းစက်များနှင့် ဆက်စပ်ပစ္စည်းများကိုပါတင်သွင်းလျက်ရှိကြောင်း သိရပါတယ်။

**Source :** https://opinionleadersmedia.com/

## စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၆,၃၅၅ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ



စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ် ကင်းရှင်းသော စားသုံးဆီများကို သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကိုဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ

က ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရပါသည်။

ပြည်တွင်းလိုအပ်ချက်ကိုဖြည့်ဆည်းပေးနိုင်ရေးစားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်း ဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှစားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့်ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၅ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်နေ့မှ ၂၀ ရက်နေ့အထိ ရန်ကုန်အထိုင်ဈေးအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၆,၃၅၅ ဖြစ်ကြောင်း စားသုံးဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

ပြည်တွင်းဈေးကွက်အတွင်း အဆိုပါထုတ်ပြန်ကြေညာထားသည့် ဈေးနှုန်းထက် ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့်သိုလှောင်ခြင်းအပါအဝင် မသမာသည့် လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ကြောင်း သိရသည်။

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ် သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံး သူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များ အသင်း၏ Facebook Page တို့တွင် ဝင်ရောက် ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

**Source :** https://www.doca.gov.mm/

## ကမ္ဘာ့အကောင်းဆုံးဆန်အဖြစ် ကမ္ဘောဒီးယား Malys Angkor ဆန် သတ္တမအကြိမ် ရွေးချယ်ခံရ



ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့၌ ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၇ ရက်နေ့မှစတင်၍ ၃ ရက်ကြာ ကျင်းပခဲ့သော ကမ္ဘာ့ဆန်ညီလာခံ ၂၀၂၅ တွင် Malys Angkor အမည်အမှတ်တံဆိပ်ဖြင့် ဈေးကွက် တင်ရောင်းချနေသည့် ကမ္ဘောဒီးယား Phka Romdoul ဆန်သည် ကမ္ဘာ့အကောင်းဆုံးဆန်ဆုကို ထပ်မံရယူခဲ့ပြီး ကမ္ဘာ့ဆန်စပါးနယ်ပယ်၌ ကမ္ဘောဒီးယားနိုင်ငံ၏ လွှမ်းမိုးနိုင်မှုကို ထပ်လောင်း၍ အတည်ပြုနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါညီလာခံကို စီစဉ်ကျင်းပသည့် The Rice Trader အဖွဲ့မှ ပေးအပ်သည့် အထက်ပါ ဆုသည် ကမ္ဘောဒီးယားနိုင်ငံအတွက် သတ္တမအကြိမ် ထိပ်တန်းဂုဏ်ထူးဆောင်ဆုအဖြစ် ပေးအပ်ချီးမြှင့်ခံရခြင်းဖြစ်သည်။

ယင်းထိပ်သီးညီလာခံသို့ ကမ္ဘာ့ဆန်စပါးလုပ်ငန်းနယ်ပယ်မှ ဦးဆောင် ထုတ်လုပ်သူများ၊ ကုန်သည်များနှင့် ကျွမ်းကျင်သူများ တက်ရောက်ခဲ့ကြသည်။

ကမ္ဘောဒီးယား Phka Romdoul ဆန်သည် ၎င်း၏ နူးညံ့သောအသွင်အပြင်နှင့် ထူးခြားသော ပန်းရနံ့တို့ကြောင့် ယခင် ၂၀၁၂၊ ၂၀၁၃၊ ၂၀၁၄၊ ၂၀၁၈၊ ၂၀၂၂ နှင့် ၂၀၂၄ ခုနှစ်များတွင် ကျင်းပခဲ့သော ကမ္ဘာ့အကောင်းဆုံးဆန် ရွေးချယ်ပွဲများ၌ ဆုများရရှိခဲ့ခြင်းဖြစ်သည်။

ကမ္ဘောဒီးယား စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကနိုင်ငံ၏ စိုက်ပျိုးရေးဂုဏ်သတင်းအတွက် သမိုင်းမှတ်တိုင်တစ်ခုအဖြစ် ဆုရယူနိုင်ခဲ့ခြင်းအား ချီးကျူးဂုဏ်ပြုခဲ့ပြီး နိုင်ငံ၏ အထင်ကရသီးနှံဖြစ်သည့်ဆန်ကို နိုင်ငံတကာမှ ချီးကျူးဂုဏ်ပြုခံရသည့်အတွက် လယ်သမားများ၊ဆန်စက်များနှင့်ပို့ကုန်လုပ်ငန်းရှင်များအားကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလအတွင်း နိုင်ငံတကာ ဈေးကွက် ၆၉ ခုသို့ ဆန် ၅၉၆,၃၄၁ တန် တင်ပို့ခဲ့လျက် ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၄၀၈ ဒသမ ၉၃ သန်းရရှိခဲ့ရာ ၂၀၂၄ ခုနှစ် အလားတူကာလအတွင်း ဆန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃၃၅ ဒသမ၄ သန်းရရှိခဲ့မှုထက် ပို့ကုန်ဝင်ငွေ ပိုမိုတိုးတက်လာကြောင်း သိရသည်။

ထိုသို့ ဆန်တင်ပို့မှု၏ ထက်ဝက်ခန့်သည် ဥရောပနိုင်ငံ ၂၆ နိုင်ငံသို့ တင်ပို့ခြင်းဖြစ်ပြီး တရုတ်နိုင်ငံနှင့် ၎င်း၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများသည် ကမ္ဘောဒီးယားဆန်ကို ဒုတိယအများဆုံးတင်သွင်းသည့်နေရာ၌ ရပ်တည်နေသည်။


ဆန်မွှေးမျိုးကွဲများသည် ပြည်ပတင်ပို့မှုတွင် လွှမ်းမိုးထားနိုင်ပြီး စုစုပေါင်းတင်ပို့မှု၏ ၆၈ ဒသမ၈၁ ရာခိုင်နှုန်းရှိကြောင်း၊ ဆန်လုံးရှည် ၁၆ ဒသမ ၁၈ ရာခိုင်နှုန်း၊ ဆန်ကွဲ ၁၀ ဒသမ၁၃ ရာခိုင်နှုန်း၊ ပေါင်းဆန် ၂ ဒသမ၄၄ ရာခိုင်နှုန်း၊ အော်ဂဲနစ်ဆန် ၁ ဒသမ ၈၈ ရာခိုင်နှုန်းနှင့်ကျန် သုည ဒသမ ၅၆ ရာခိုင်နှုန်းသည် အခြားမျိုးကွဲများဖြစ်ကြောင်း ကမ္ဘောဒီးယားဆန်စပါးအသင်းချုပ် (CRF) ၏ အချက်အလက်များအရ သိရသည်။

**Source:Cambodianess,November10,2025**

**(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)**

https://www.doca.gov.mm/

## လာမည့် ဈေးကွက်ရာသီ၌ အိန္ဒိယ၏ သကြားတင်ပို့မှု တန်ချိန် ၂ သန်းသို့ မြင့်တက်ဖွယ်ရှိ



သကြားမှအီသနောလောင်စာထုတ်လုပ်မှုသို့ ပြောင်းလဲသုံးစွဲမှု နည်းပါးလျက်ရှိပြီး ပြည်တွင်း၌ သကြားပမာဏ အမြောက်အမြား ပိုလျှံမှုဖြစ်ပေါ်နိုင်သဖြင့် အိန္ဒိယနိုင်ငံအနေဖြင့် ရှေ့လာမည့် ဈေးကွက်ရာသီကာလတွင် ပြည်ပသို့ သကြားတန်ချိန် ၂ သန်းအထိ နှစ်ဆတိုး၍ တင်ပို့ရဖွယ်ရှိသည် ဟု အိန္ဒိယ သကြားလုပ်ငန်းနယ်ပယ်မှ အရာရှိများက နိုဝင်ဘာ ၆ ရက်နေ့၌ ပြောခဲ့သည်။

သို့ဖြစ်ရာ ကမ္ဘာ့ဒုတိယအကြီးဆုံး သကြားထုတ်လုပ်သူဖြစ်သော အိန္ဒိယမှ တင်ပို့မှုမြင့်မားလာခြင်း သည် ငါးနှစ်တာ ကာလအတွင်း အနိမ့်ဆုံးသို့ ရောက်ရှိနေခဲ့သော နယူးယောက်နှင့် လန်ဒန် သကြားကြိုတင်အရောင်း စံပြုဈေးနှုန်းများအပေါ် ဖိအားများသက်ရောက်နိုင်ခြေရှိနေသည်။

အိန္ဒိယနိုင်ငံသည် ၂၀၂၂-၂၀၂၃ ဈေးကွက်ရာသီနှစ်အထိ ငါးနှစ်တာကာလအတွင်း နှစ်စဉ် ပျမ်းမျှ သကြားတန်ချိန် ၆ ဒသမ၈ သန်းခန့် တင်ပို့မှုနှင့်အတူ ကမ္ဘာ့သကြားတင်ပို့မှု ဒုတိယအများဆုံး နေရာ၌ ရပ်တည်ခဲ့သည်။

သို့သော် ရာသီဥတု ခြောက်သွေ့မှုနှင့် ကြုံတွေ့ရပြီးနောက် ၂၀၂၃-၂၀၂၄ ခုနှစ်မှ စတင် ၍ ပြည်ပသို့သကြားတင်ပို့မှုကို အစိုးရက ပိတ်ပင်တားမြစ်ခဲ့ပြီး ယမန်နှစ်၌ တန်ချိန် ၁ သန်းမျှကိုသာ တင်ပို့ရန် ခွင့်ပြုပေးခဲ့သည်။

အိန္ဒိယနိုင်ငံ သကြားနှင့်ဇီဝစွမ်းအင်ထုတ်လုပ်သူများအသင်း (ISMA) မှ ညွှန်ကြားရေးမှူးချုပ် Deepak Ballani က ယခု လာမည့် သကြားဈေးကွက်ရာသီနှစ်အတွက် ဖြစ်တန်ခြေရှိသော တင်ပို့မှု ပမာဏသည် တန်ချိန် ၂ သန်းအထိ ရောက်ရှိနိုင်မည်ဟု ခန့်မှန်းရကြောင်း ရိုက်တာသတင်းဌာနသို့ ပြောကြားခဲ့သည်။

အောက်တိုဘာ ၁ ရက်နေ့၌ စတင်ခဲ့သော ၂၀၂၅-၂၀၂၆ ဈေးကွက်တင်ရောင်းဝယ်ရေးနှစ်တွင် အိန္ဒိယ၏ သကြားထွက်ရှိမှုမှာ အီသနောထုတ်လုပ်ရန်အတွက် ပြောင်းလဲသုံးစွဲမည့် တန်ချိန် ၃ ဒသမ ၄ သန်းခန့်ကို နုတ်ပယ်ပြီးပါက တန်ချိန် ၃၀ ဒသမ၉၅ သန်းခန့်ရှိနိုင်ကြောင်း၊ ယင်းပမာဏသည် ယခင်နှစ်ကထက် ၁၈ ဒသမ၅ ရာခိုင်နှုန်းခန့် မြင့်တက်လာခြင်းဖြစ်ကြောင်း ISMA အသင်းက ဖော်ပြထားသည်။

ယခုနှစ် အီသနောထုတ်လုပ်မှုအတွက် အသုံးပြုမည့် သကြားပမာဏသည် တန်ချိန် ၄ ဒသမ၅ သန်းမှ ၅ သန်းအတွင်း ရှိမည်ဟု အဆိုပါအသင်းက အစောပိုင်းကာလများတွင် ခန့်မှန်းထားခဲ့သည်။ သို့သော် ဇီဝလောင်စာ ထုတ်လုပ်ရန် လျာထားချက်

စုစုပေါင်း၏ ၂၈ ရာခိုင်နှုန်းခန့်သို့သာ သကြားအခြေပြု အီသနောထုတ်လုပ်မှုရှိပြီး ကျန်ပမာဏသည် မွေးမြူရေးအစားအစာ အခြေပြု အီသနောထုတ်လုပ်မှုလုပ်ငန်းများသို့ ခွဲဝေရောက်ရှိခဲ့သည်။

အမျိုးသား သကြားစက်ရုံများ သမဝါယမအသင်းချုပ် (NFCSF) မှ အုပ်ချုပ်မှုဒါရိုက်တာ Prakash Naiknavare က ၎င်းတို့အနေဖြင့် သကြားစက်ရုံများမှ သကြားတင်ပို့ခွင့်ကို ဆောလျင်စွာ စတင်ခွင့်ပြုပေးရန် အစိုးရထံ တောင်းဆိုထားကြောင်း၊ သို့မှသာ ၎င်းလုပ်ငန်းများသည် ရာသီကာလအစပိုင်းတွင် ပြည်ပတင်ပို့ရန်အတွက် သကြားကုန်ကြမ်းများကို ထုတ်လုပ်နိုင်မည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဘရာဇီးနိုင်ငံမှ ရာသီအသစ်တွင် စတင်ထုတ်လုပ်သည့် သကြားများ ဈေးကွက်သို့ဝင်ရောက်လျက် ကမ္ဘာ့သကြားဈေးနှုန်းများအပေါ် ဖိအားများဖြစ်ပေါ်ခြင်းမရှိမီအချိန်၌ အိန္ဒိယအနေဖြင့် သုံးလကြာမျှ တိုတောင်းသော ပြည်ပသို့ သကြားတင်ပို့ရန် အခွင့်အရေးရှိနေသည်။

လက်ရှိကာလတွင် အိန္ဒိယပြည်တွင်း၌ သကြားဈေးနှုန်းများသည် ကမ္ဘာ့ပေါက်ဈေးနှုန်းများထက် မြင့်မားလျက်ရှိပြီး ရာသီအသစ်မှ ထုတ်လုပ်သည့် သကြားများစတင်ဝင်ရောက်လာခြင်းက ပြည်တွင်းဈေးကွက်အပေါ် ဖိအားသက်ရောက်နိုင်မှုအရ ဒီဇင်ဘာလ အစောပိုင်းမှစတင်၍ ပြည်ပတင်ပို့နိုင်ရန် သကြားစက်လုပ်ငန်းများက မျှော်လင့်လျက်ရှိကြောင်း၊ ဓာတ်ဆီ၌ အီသနော ၂၀ ရာခိုင်နှုန်းရောစပ်သုံးစွဲရန် အစိုးရ၏တွန်းအားပေးမှုအောက်တွင် သကြားစက်အများအပြားသည် ၎င်းတို့၏ ကြိတ်ခွဲထုတ်လုပ်နိုင်စွမ်းကို တိုးမြှင့်ခဲ့ကြကြောင်း၊ အီသနောထုတ်လုပ်ရန်အတွက် အသုံးမပြုရသေးသောပမာဏ ကြီးမားစွာ ကျန်ရှိနေခြင်းက ၎င်းတို့အတွက်ဆုံးရှုံးမှုဖြစ်စေနိုင်ကြောင်း၊ ထို့ပြင် ၎င်းစက်ရုံလုပ်ငန်းများသည် သကြားများပိုမိုထပ်မံထုတ်လုပ်ရန်လည်းရှိနေကြောင်းဖြင့် ISMA မှ ညွှန်ကြားရေးမှူးချုပ် Mr. Ballani က ပြောခဲ့သည်။

Source:TheHinduBusinessLine,6Nov2025

**(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)**

https://www.doca.gov.mm/

## STOCK EXCHANGE (17.11.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 17th Nov. 2025

Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,565 (Shares) | 11,846,600 (MMK) |

Stock trading

| Name | Code | Close | Change | %Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,600 | -100 | -1.15% | 8,700 | 8,700 | 8,600 | 164 | 1,411,700 | 33,109,694 | 284,743 |
| MTSH | 00002 | 3,600 | +100 | +2.86% | 3,550 | 3,600 | 3,550 | 422 | 1,503,100 | 38,929,150 | 140,145 |
| MCB | 00003 | 7,600 | +0 | +0.00% | 7,800 | 7,800 | 7,600 | 206 | 1,567,400 | 10,400,986 | 79,048 |
| FPB | 00004 | 2,100 | -50 | -2.33% | 2,150 | 2,150 | 2,100 | 890 | 1,901,550 | 29,664,613 | 62,296 |
| TMH | 00005 | 2,950 | +50 | +1.72% | 2,900 | 2,950 | 2,900 | 62 | 181,600 | 12,823,224 | 37,829 |
| EFR | 00006 | 1,700 | +50 | +3.03% | 1,650 | 1,700 | 1,650 | 2,460 | 4,079,500 | 19,977,223 | 33,961 |
| AMATA | 00007 | 3,650 | +0 | +0.00% | 3,650 | 3,650 | 3,650 | 150 | 547,500 | 10,497,598 | 38,316 |
| MAEX | 00008 | 3,150 | +50 | +1.61% | 3,100 | 3,150 | 3,100 | 211 | 654,250 | 23,804,946 | 74,986 |

YANGON
STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 17th Nov. 2025

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 398.33 | +1.02 | +0.26% | 399.44 | 399.78 | 398.00 | 4,565 | 11,846,600 | 8 | 751,324 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 17th Nov. 2025

| Trading Volume | Trading Value |
|---|---|
| 7,843 (Shares) | 20,697,200 (MMK) |

## Main Board

As of 1:00 pm, 17th Nov. 2025

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,565 (Shares) | 11,846,600 (MMK) |

| MYANPIX | 398.33 ▲ 1.02 |
|---|---|
| Total Volume (shares) | 4,565 |
| Total Value (MMK) | 12 mil |
| Listed Company | 8 |
| Market Cap. (MMK) | 751,324 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,600 | ▼ 100 |
| MTSH | 00002 | 3,600 | ▲ 100 |
| MCB | 00003 | 7,600 | ▲ 0 |
| FPB | 00004 | 2,100 | ▼ 50 |
| TMH | 00005 | 2,950 | ▲ 50 |
| EFR | 00006 | 1,700 | ▲ 50 |
| AMATA | 00007 | 3,650 | ▲ 0 |
| MAEX | 00008 | 3,150 | ▲ 50 |